# ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးချယ်ရေး လုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအား (၆) ကြိမ်မြောက် Summary Data Report အတွက် Statistician အဖြစ် ရွေးချယ်ထားသည့် Dr. Thaung Htay မှတင်ပြလာသည့် လုပ်ငန်းအစီအစဉ်များအား ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကဏ္ဍကိုယ်စားလှယ် (၂) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ် (၂) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD) မှ (၈) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များနှင့် လေ့လာသူများ (၄) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၃) ဦး ၊ စုစုပေါင်း ၂၂ ဦး (ကျား - ၁၂ ဦး၊ မ- ၁၀ ဦး) တက်ရောက်ခဲ့သည်။ အစည်းအဝေး တက်ရောက်သူစာရင်းအား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ (၆) ကြိမ်မြောက် Summary Data Report အတွက် Statistician အဖြစ် ရွေးချယ်ထားသည့် Dr. Thaung Htay မှတင်ပြလာသည့် လုပ်ငန်းအစီအစဉ်များအား ညှိနှိုင်းဆွေးနွေးခြင်း

(၁) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ MOBD မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ပပခိုင်က ဆွေးနွေးရာ၌ ယနေ့တွင် ငှားရမ်းမည့် Statisitician နှင့်ပတ်သက်ပြီး တင်ပြလာသည့် Work Plan ကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ ToR ကြေညာခေါ်စဉ်က ရက် (၆၀) ဖြင့် ခေါ်ထားကြောင်း၊ သို့သော် ယခုအချိန်တွင် ရက် (၆၀) မရှိတော့ကြောင်း၊ လုပ်ငန်းတွင် ထပ်ဖြည့်လိုသည်များရှိပါက ဖြည့်ရန်ဖြစ်ကြောင်း၊ ToR အရ Scope of Work အရ ပထမဆုံးအနေဖြင့် Template Review ပြုလုပ်ခြင်း၊ ထို့နောက် Stakeholder Consultation နှင့် ဒေတာကောက်ယူခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ၎င်း၏ တင်ပြလာသည့် Activity အရ Timeline တွင် Oct 3rd and 4th Week တွင် Template Review လုပ်မည်ဟု ဖော်ပြထားကြောင်း၊ ဒေတာကောက်သည့်အဆင့်သည် အချိန်လျှော့ချနိုင်မည်ဟု ထင်မြင်ကြောင်း၊ template review သည်လည်း အချိန်လျှော့နိုင်က ရနိုင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ဒုတိယအပတ်မှ စတုတ္ထအပတ်အထိအား Data Analysis နှင့် Data Entry များပြုလုပ်ခြင်း၊ ထို့နောက် ဒီဇင်ဘာလပထမမှ ဒုတိယအပတ်တွင် ဒေတာစိစစ်ခြင်းများ ပြုလုပ်မည်ဟု ဖော်ပြထားကြောင်း၊

ထို့နောက် Summary Data Report မူကြမ်းအား ဒီဇင်ဘာလ တတိယအပတ်တွင် တင်ပြမည်ဟု ဖော်ပြထားကြောင်း၊ Working Day လျှော့မည် သို့မဟုတ် မည်သို့ ဆောင်ရွက်သင့်သည်ကို ဆွေးနွေး ပေးစေလိုကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၂) အချိန်နှင့်ပတ်သက်၍ Limitation ရှိ၊ မရှိအား အရပ်ဘက်ကိုယ်စားလှယ် ဦးရဲလင်းမြင့်၏ မေးမြန်းမှုအပေါ် အချိန် အလုံအလောက်ရှိသည်ဟု မြင်ကြောင်း စီမံကိန်းမန်နေဂျာ ဦးနေမင်းမောင်က ဆွေးနွေးဖြေကြားခဲ့သည်။

(၃) အစိုးရကိုယ်စားလှယ် ဦးကျော်သက်က ဆွေးနွေးရာ၌ သယံဇာတကဏ္ဍနှင့်ပတ်သက်ပြီး အတွေ့အကြုံ သိပ်မရှိသဖြင့် ဒေတာများအား Clarify လုပ်သည့်အခန်းကဏ္ဍများအား ပါဝင်လာမည်ဖြစ်သဖြင့် အချိန်အကန့်အသတ်အား စဉ်းစားသင့်ကြောင်းလည်း အကြံပြုခဲ့သည်။

(၄) International Secretariat ကနေ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ပထမဆုံးနိုင်ငံ Unilateral တင်ပြ သည့်နိုင်ငံဖြစ်ကြောင်း၊ မတင်သွင်းပါက Action တစ်ခုယူမည်ဟုထင်မြင်ကြောင်း စီမံကိန်း မန်နေဂျာက ဆွေးနွေးတင်ပြခဲ့သည်။

(၅) အရပ်ဘက်ကိုယ်စားလှယ် ဦးရဲလင်းမြင့်က ဤအစီရင်ခံစာသည် Flexible Reporting နှင့်အကျုံးဝင်၊ မဝင်သိလိုကြောင်း မေးမြန်းရာ၌ နည်းပညာဦးထွန်းပေါ်ဦးက ပြန်လည်ဆွေးနွေးရာတွင် Standard အရ ဘတ်ဂျက်ကာလထက် ၂ နှစ်မကျော်စေရန် တင်ပြရကြောင်း၊ ယခုအစီရင်ခံစာ သည်လည်း အခက်အခဲ များရှိသဖြင့် Summary Template ဖြင့်တင်ပြရန် နိုင်ငံတကာဘုတ်အဖွဲ့က သတ်မှတ်ပေးခဲ့ကြောင်း၊ Reconcile များကို (၆) ကြိမ်မြောက် အစီရင်ခံစာမှသာ တင်ပြနိုင်မည်ဖြစ် ကြောင်း၊ ယခု Unilateral သည် ဒီဇင်ဘာလကုန်တွင်တင်ပြရမည်ဖြစ်ကြောင်း၊ Template များဖြင့် ဒေတာများအား သက်ဆိုင်ရာ ဌာနများဆီက သီးခြားစီတင်ပြထားခြင်းရှိကြောင်း စသဖြင့် ပြန်လည် ဆွေးနွေးခဲ့သည်။

(၆) အရပ်ဘက်ကဏ္ဍကိုယ်စားလှယ် ဦးရဲလင်းမြင့်က ဆွေးနွေးရာ၌ မိမိတို့အနေဖြင့် ဒေါက်တာသောင်းဌေးအား ရွေးချယ်ခဲ့သည်မှာ နိုင်ငံတကာက ပညာရှင်များနှင့်လည်း ယှဉ်ချင်ကြောင်း၊ နောက်နောင်တွင်လည်း နိုင်ငံခြားသားများထက် နိုင်ငံတွင်းမှ ပညာရှင်များကို အသုံးပြုရန် ရည်ရွယ် ကြောင်း၊ စတင်သည့် နိုဝင်ဘာလပထမအပတ်အတွင်းမှစ၍ Progress Meeting များအား ပြုလုပ်ပေးရန် တောင်းဆိုကြောင်း၊ ဒေါက်တာသောင်းဌေးအား စာရင်းအင်းပညာရှင်အနေဖြင့် ခေါ်ဆိုရာတွင် Work Plan တင်ပြ လာကြောင်း၊ အချိန်သည် အကန့်အသတ်တစ်ခုဖြစ်နေနိုင်ကြောင်း၊ ဖြစ်နိုင်ပါက အချိန်ကို

မလျှော့ချတော့ဘဲ ဆောင်ရွက်စေချင်ကြောင်း၊ ပြည်တွင်းပညာရှင်များ အား အားပေးသည့်အတွက် ပိုမိုပြည့်စုံစွာ ဖြစ်စေချင်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၇) လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးခင်မောင်ဟန်မှလည်း မိမိအနေဖြင့်လည်း ထောက်ခံကြောင်း၊ သေချာ ဆွေးနွေး၍ ရွေးချယ်ထားခြင်းဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာက ဦးနေမင်းမောင်ကလည်း လောလောဆည်တွင် timeline အရ ဒီဇင်ဘာလ နောက်ဆုံးအပတ်ကိုပါ ထည့်သွင်းလိုက်မည်ဆိုပါက ၉ ပတ်ခန့်အချိန်ရမည်ဟု မြင်ကြောင်းလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

(၈) MOBD မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ပပခိုင်က ဆွေးနွေးရာ၌ မိမိတို့ စာချုပ်သဘောတရားအရ Lumpsum ပုံစံဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်ရက်ဖြင့် ဖော်ပြထားသော်လည်း Lumpsum ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ရက် ဒေါ်လာ ၂၀၀ နှုန်းဖြင့် တင်ပြထားမှုရှိကြောင်း၊ ခရီးစရိတ်များကို မူ တင်ပြထားခြင်းမရှိကြောင်း၊ MOBD အနေဖြင့် စာချုပ်ချုပ်ဆိုစဉ်တွင်တစ်ကြိမ်၊ အစီရင်ခံစာမူကြမ်းထွက်စဉ်တွင်တစ်ကြိမ်နှင့် နောက်ဆုံး အစီရင်ခံစာ ပြီးစဉ်တွင် တစ်ကြိမ် ပေးချေရန် စီစဉ်ထားကြောင်း တင်ပြခဲ့သည်။

(၉) အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ် ဦးရဲလင်းမြင့်ကလည်း မိမိအနေဖြင့် အလုပ်လုပ်ရက်ကို မလျှော့စေချင်ကြောင်း၊ ငွေကြေးအား ယခုထက်လျှော့ပြီးဆောင်ရွက်ခြင်းမျိုးမဖြစ်စေချင်ကြောင်း ဆွေးနွေးမှုအပေါ် ဒေါ်ခင်ပပခိုင်က စာချုပ်မချုပ်ခင်ရက်များသည် Timeline တွင် ပါဝင်နေပါက အဆိုပါရက်များအတွက် ပေးရန် အဆင်မပြေကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ်ကလည်း ထို့ကြောင့် Lumpsum အနေဖြင့်သာ ဆောင်ရွက်ခြင်း သို့မဟုတ် နှုန်းထားအား မြှင့်တင်ပေးစေလိုကြောင်း ဆွေးနွေးရခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

(၁၀) စာချုပ်ချုပ်ရန် ညှိနှိုင်းစဉ်တွင် Remuneration ခရီးစရိတ်များ စသည်တို့ကို ထည့်သွင်းနိုင်ရန် ညှိနှိုင်းနိုင်ကြောင်း၊ ငွေကြေးပမာဏမများပါက ညွှန်ကြားရေးမှူးချုပ်အဆင့်အနေဖြင့် စာချုပ်ချုပ်ဆိုကြောင်း၊ ငွေကြေး ပမာဏများပါက IA တို့နှင့်စပ်လျဉ်းပါက Minister Level မှ လက်မှတ်ထိုးချုပ်ဆိုကြောင်း၊ စာချုပ် ချုပ်သည့်အပိုင်းများအား MOPFI က ပုံမှန်အတိုင်းဆောင်ရွက်ကြောင်း၊ Internal Process များ ဆောင်ရွက်ပြီးမှ Section အနေဖြင့် စာချုပ်ချုပ်ဆိုကြောင်း၊

(၁၁) အစိုးရကိုယ်စားလှယ် ဦးကျော်သက်ကလည်း မိမိ လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များသည် Cadaster အပိုင်းများအား လက်မှတ်ထိုးပေးခဲ့ရခြင်းရှိကြောင်း၊ IA နှင့်ပတ်သက်သည့် စာချုပ်များတွင် တိုက်ရိုက်ရေးထိုးပေးရခြင်းမရှိကြောင်း ဆွေးနွေးခဲ့သည်။

(၁၂) အရပ်ဘက်ကိုယ်စားလှယ် ဦးရဲလင်းမြင့်ကလည်း ဒေါက်တာသောင်းဌွေးအား တစ်နေ့ (၂၀၀) အပြင် remuneration စရိတ်များအား ထည့်သွင်းညှိနှိုင်းရန်၊ လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်း ရှင်းပြ၍ ဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

(၁၃) မိမိတို့ပြောဆိုသည်များ အသက်ဝင်စေရန်အတွက် စာချုပ်ဝင်များ၏ အခန်းကဏ္ဍသည် အရေးကြီး သည့်အတွက် နိုဝင်ဘာလအစောပိုင်းတွင် တစ်ကြိမ်ခန့်၊ နောက်ဆုံးအပတ်ခန့်တွင် တစ်ကြိမ် အစည်းအဝေး စီစဉ်ပေးစေချင်ကြောင်း၊ Data Collection ကာလတွင် အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် ပံ့ပိုးနိုင်သည်များ၊ အကြံပြုလိုသည်များ ရှိပါကလည်း ပံ့ပိုးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ် ဦးရဲလင်းမြင့်က ဆွေးနွေးခဲ့သည်။

## ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေး
## ဆုံးဖြတ်ချက်များ

**၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၆) ရက်** **virtual Meeting**

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁။ | Statistician အတွက် စာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းရာတွင် -<br>• Lumpsum အနေဖြင့် ဒေါ်လာ (၁၂,၀၀၀) နှင့် ညှိနှိုင်းချုပ်ဆိုရန်<br>• MOBD ၊ NCS နှင့် Statistician တို့မှ တိုက်ရိုက်ညှိနှိုင်း၍ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရန်<br>• Statistician အတွက် Timeline တွင် Stakeholder များနှင့်တွေ့ဆုံရန်အစည်းအဝေးများ၊ Consultation Meeting များအား ယခင် Independent Administrator များအတွက် ဆောင်ရွက်ခဲ့သည့်အတိုင်း ထည့်သွင်းစီစဉ်ရန် | MOBD, NCS, Statistician | |
| ၂ | Statistician အတွက် Timeline တွင် နည်းပညာနှင့်အစီရင်ခံစာ အစည်းအဝေးအနည်းဆုံး နှစ်ကြိမ်ခန့် ထည့်သွင်းစီစဉ်ရန် | NCS, MOBD | |

**နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (ကျား- ၁၂ ဦး၊ မ- ၁၀ ဦး၊ စုစုပေါင်း -၂၂ ဦး)**

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးကျော်သက် | DDG | DOM |
| ၂ | ဒေါ်သန္တာဦး | ဦးစီးအရာရှိ | OGPD |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၃ | ဦးခင်မောင်ဟန် | Chair | MFMA |
| ၄ | ဦးစိုးမော် | Chair | MFPTMA |
| ၅ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Officer | TOTAL E&P Myanmar |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၆ | ဦးရဲလင်းမြင့် | MSG | MATA |
| ၇ | ဦးထူးအောင် | NC | MATA |
| **ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ EITI ဌာနခွဲ (MOBD)** | | | |
| ၈ | ဒေါ်နန်းလှလှမင်း | ညွှန်ကြားရေးမှူး | MOBD |
| ၉ | ဒေါ်ခင်ပပခိုင် | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၀ | ဦးဇော်ဟိန်းထိန်း | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၁ | ဒေါ်မြမြင့်သန်း | လက်ထောက်ညွှန်ကြားရေးမှူး | MOBD |
| ၁၂ | ဒေါ်ခင်သန္တာကျော်တင့် | ဦးစီးအရာရှိ | MOBD |
| ၁၃ | ဒေါ်ပေရယ်အောင်လွင် | ဦးစီးအရာရှိ | MOBD |
| ၁၄ | ဦးနေထွန်းလင်း | ဦးစီးအရာရှိ | MOBD |
| ၁၅ | ဒေါ်အိပိုင်ဖြိုး | ဦးစီးအရာရှိ | MOBD |
| **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် လေ့လာသူများ** | | | |
| ၁၆ | ဦးကျော်ဇောထွန်း | AD | DOM |
| ၁၇ | ဦးဘုန်းပြည့်ကြွယ် | PC | MATA |
| ၁၈ | ဒေါ်သင်ဇာထွန်း | Consultant | World Bank |
| ၁၉ | ဒေါ်သီသီဟန် | Consultant | World Bank |
| **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS)** | | | |

| | | | |
|---|---|---|---|
| ၂၀ | ဦးနေမင်းမောင် | Acting Program Manager/Technical Coordinator | MEITI-NCS |
| ၂၁ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၂၂ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |